

ဘာသာပြန် စာရေးဆရာ - တာအိုလုလင်

# မှော်တန်ခိုးရှင်၏ ဒဏ္ဍာရီ

(ဂျီဟို)

(Chapter 46 - 60)

စာစဉ် - ၄

# အခန်း (၄၆)
## အနည်းငယ် အချည်းနှီးဖြစ်ခြင်း

တောထဲမှာတော့ ရေနက်မြွေကလန်ရဲ့ စီနီယာမှော်ဆရာ သုံးယောက်နဲ့ သူတို့မြွေသုံးကောင်ဟာ မျောက်ဝံ၊ သစ်ပင်ကြီးနဲ့ ကျောက်တုံးကြီး လက်ချက်ကြောင့် ရုပ်ပျက်ဆင်းပျက် ရှုံးနိမ့်ခဲ့ရတယ်။ သုံးယောက်ချင်း ဆိုပေမဲ့ မျောက်ဝံ၊ သစ်ပင်ကြီးနဲ့ ကျောက်တုံးကြီးတို့က တိုက်ပွဲမှာ အလွယ်တကူ အသာစီးရခဲ့တယ်။

ဂျီရှောင်ကတော့ အကြောက်ကြီး ကြောက်ပြီး စိတ်ရှုပ်ထွေးနေခဲ့တယ်။ အရိုးစုမွန်းစတားနက်ရဲ့ ချုံခိုတိုက်ခိုက်မှုကို ခံလိုက်ရတော့ သူဟာ လက်ရှိ မှာနဂိုအမူအရာတွေ ပျောက်ဆုံးနေခဲ့တယ်လေ။ သူက ခြေနဲ့ လက်တွေကို အရူးလို ဝှေ့ယမ်းပြီး ခွန်အားရှိသမျှ ရုန်းကန်နေတယ်။ အဲဒီလို လုပ်နေတာကြောင့် သူက မြေကြီးကိုတောင် တော်တော်နက်နက်လေး တူးမိနေပါပြီ။ သို့ပေမဲ့ … ဘယ်လောက်ပဲ ပြင်းပြင်းထန်ထန် ကြိုးစားနေပါစေ သူဟာ မတ်တတ် ပြန်မရပ်နိုင်သလို သူ့လည်ပင်းကို ညှစ်ပြီး ကျောက်တုံးလို ဖိထားတဲ့ အရိုးစုမွန်းစတားနက်ရဲ့ လက်အောက်ကနေ မလွတ်မြောက်နိုင်ခဲ့ဘူး။

တိလျို၊ တိုဘနဲ့ တိုအောင် တို့ကတော့ လက်ရှိမှာ အရမ်းသတိထားနေပြီး ပြေးဝင်တိုက်ခိုက်ဖို့ မရဲတော့ပါဘူး။ ဒါက အမုန်တကယ်ကို အစွမ်းထက်တဲ့ တောင်ပိုင်းစွန့်ပစ်မြေရဲ့ မှော်သူတော်စင်တစ်ယောက် ဖန်တီးခဲ့တဲ့ ဧရိယာမှော်အစွမ်းကြီး တစ်ခုကို သူတို့အနေနဲ့ ပထမဆုံး နဖူးတွေ့ဒူးတွေ့

ကြုံရတဲ့ အချိန်ပါပဲ။

ရေနက်မြွေကလန် စစ်သည်တော် ရာချီက တောထဲကနေ ပြေးထွက်လာခဲ့တယ်။ သူတို့က ဓားတွေကို ဝှေ့ယမ်းပြီး တရှူးရှူး တရှဲရှဲ အသံပေးကာ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်နေကြတယ်။

တောအုပ်က လက်ရှိမှာ ထူထဲတဲ့ မြူခိုးတွေ ပြည့်နေပြီး မယုဉ်သာတဲ့ ချောက်ချားဖွယ် လေထုတစ်ခုကို ဖန်တီးခဲ့တယ်။ ရေနက်မြွေကလန် စစ်သည်တော်တွေက မပြင်မဆင်နဲ့ မြူထုထဲ ပြေးဝင်သွားကြတယ်။ မြူခိုးထဲကို ရောက်သွားတာနဲ့ သူတို့အရှိန်တွေ လျော့သွားပါပြီ။ သူတို့ လှုပ်ရှားမှုတွေက မျက်စိလည် လမ်းပျောက်သလို တဝဲဝဲလည်လည် ဖြစ်ကုန်ကြတယ်။ သူတို့ ခြေထောက်တွေ လေးလံလာပြီး ခြေလှမ်းတိုင်းဟာ အရမ်းကို လှမ်းရခက်ခဲလာခဲ့တယ်။ ကြည့်ရတာ သူတို့ခြေထောက်တွေကို မြေပြင်ပေါ်မှာ ကော်နဲ့ ကပ်ထားတဲ့ အလား ...။

ချင်ယင်ရဲ့ ရယ်သံက တောအုပ်ရဲ့ ထောင့်တိုင်းကနေ ထွက်လာခဲ့တယ်။ သူ့ရယ်သံနဲ့အတူ မရေမတွက်နိုင်တဲ့ မြားတွေကလည်း လားရာပေါင်းစုံကနေ စစ်သည်တော်တွေစီကို ဝှီးခနဲ ပျံသန်းလာနေပါပြီ။ မြားတစ်ချောင်းစီတိုင်းဟာ ရေနက်မြွေကလန် စစ်သည်တော်တွေရဲ့ မျက်နှာကို ထိသွားကြပြီး ဘယ်မြားကမှ ပစ်မှတ်ကို မလွဲချော်ခဲ့ပါဘူး။ မြားခေါင်းမှာ လိမ်းထားတဲ့ အဆိပ်တွေက အဲဒီ လက်ရွေးစင် စစ်သည်တော်တွေကို အရည်ပျော်ကျစေဖို့ အသက်ရှူကြိမ် အနည်းငယ်ပဲ လိုခဲ့တယ်။

လက်ရှိ အခြေအနေက ရေနက်မြေကလန်ရဲ့ စစ်သည်တော်တွေအတွက် အလွန်အမင်း ဆိုးဝါးနေပါပြီ။ ဒီလိုသာ ဆက်ဖြစ်နေရင်တော့ သူတို့တွေ အမြစ်ပြတ် သုတ်သင်ခံရဖို့ အချိန် သိပ်မကြာတော့ပါဘူး။

"ဂျီရှု ..."

တောထဲကနေ ရှုးသွပ်လုမတတ် အော်သံတစ်ခု ထွက်လာခဲ့တယ်။ အစောက ကျောက်တုံးကြီး လက်ချက်နဲ့ လွင့်ပျံသွားတဲ့ ဂျီမူက အခုတော့ တောအုပ်ထဲကနေ ခြေလှမ်းကျဲကြီးနဲ့ ထွက်လာပြီး ပုဆိန်ကို ဝှေ့ယမ်းနေတယ်။ သူ့ကိုယ်မှာလည်း ရွှေနီရောင် မီးတောက်တစ်ခု ဝန်းရံနေပြီး သူ့ကို ကြည့်ရတာ မီးလောင်နေတဲ့ လူတစ်ယောက်လိုပါပဲ။

ဂျီမူရဲ့ အနီးတစ်ဝိုက်က မီးခိုးရောင်မြူခိုးက လျင်မြန်စွာ ပျောက်ကွယ်သွားတယ်။ မြူခိုးထဲမှာ ရှိနေတဲ့ ထူးဆန်းတဲ့ စွမ်းအားတွေက ကြောက်လန့်စွာနဲ့ ဂျီမူရဲ့ အဝေးကို ထွက်သွားကြတယ်။ မီးကျီးငှက် မျိုးဆက်သွေးက ရှေးဟောင်းရွှေကျီးကနေ ဆင်းသက်လာတာမို့ တောအုပ်ရဲ့ ထူးခြားတဲ့ သက်ရှိတွေကို ပြင်းထန်စွာ နာကျင်စေပါတယ်။ ဒါကြောင့် ထူးခြားတဲ့ သက်ရှိတွေက ကြီးမားတဲ့ခွန်အားကို ပိုင်ဆိုင်ပေမဲ့ ဂျီမူကို မတိုက်ခိုက်ရဲကြပါဘူး။

"မူ ... ဒါတွေ အားလုံးက ဘာတွေလဲ ..."

ဂျီရှုက လှံကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်တာကြောင့် တကျွိကျွိ မြည်သံတွေတောင် ထွက်လာပါတယ်။

"ငါတို့မီးကျီးငှက် ကလန်ရဲ့ ရန်သူဖြစ်တာတောင်... မင်းက ဒီမွန်းစတားတွေနဲ့ အဖွဲ့ဖွဲ့ခဲ့တယ် ... ငါ့ကို သတ်ဖို့ တစ်ခုတည်း အတွက်လား ..."

"မင်း မေ့နေပြီလား ... တောင်ပိုင်းစွန့်ပစ်မြေမှာကိုယ့်လူကိုယ် ဆန့်ကျင်တိုက်ခိုက်နေတာကြောင့် ကြီးမားတဲ့ ဒီတောမြေမှာ ကလန် ဘယ်လောက်များများ ပျောက်ကွယ်သွားပြီလဲ ... ငါ အများကြီး ပြောစရာမလိုပါဘူး ... အရမ်းကို အစွမ်းထက်တဲ့ ရန်ဂျောင်ကလန် ... သူတို့တွေ ..."

ဂျီရှုရဲ့ ညင်သာတဲ့အသံဟာ အခုတော့ စိတ်ရှုပ်ထွေးမှုနဲ့ ဝမ်းနည်းမှုတွေ ပြည့်လာခဲ့ပါပြီ။

ဂျီမူက ပုဆိန်ကို လေထဲမှာ ဝှေ့ယမ်းပြီး မီးလှိုင်းကြီးတစ်ခုကို ထုတ်လွှတ်ခဲ့တယ်။ မီးလှိုင်းက နေရာတိုင်းမှာ မီးပွားလေးတွေ ထုတ်လွှတ်ပြီး မြေပြင်ကို ခွဲခဲ့တော့ ပေတစ်ထောင်ရှည်တဲ့ အက်ကွဲကြောင်းတစ်ခု ဖြစ်စေခဲ့တယ်။ မီးအက်ကြောင်းထဲမှာ ကျောက်တုံးနဲ့ မြေကြီးတွေတောင် အရည်ပျော်ကျနေပါပြီ။

မြားအစင်း ဆယ်ချီက ဂျီမူ့စီကို ထောင့်ပေါင်းစုံကနေ ပြေးဝင်လာခဲ့တယ်။ ဒါပေမဲ့ မြားအားလုံးက ဂျီမူရဲ့ကိုယ်ကို ဝန်းရံထားတဲ့ မီးတောက်နဲ့တွေ့တဲ့အခါ မီးခိုးငွေ့အဖြစ် လောင်ကျွမ်းခံခဲ့ရတယ်။

"မင်းစကားတွေကိုင်းကြီးကြီးမှာ နားထားလိုက် ..."

ဂျီမူက အော်လိုက်တယ်။

"မီးကျီးငှက်ကလန်က ခေါင်းဆောင် ဂျီရှူရဲ့ လက်အောက်မှာ ပိုပြီးသန်မာလာလိမ့်မယ် ... ရန်ဂျောင် ကလန်လား ... သူတို့အကြောင်း ငါသိပါတယ် ... သူတို့ကို ထောက်ပံ့ပေးမယ့် လုံလောက်တဲ့ စွမ်းအားမရှိလို့ သူတို့ သေခဲ့ရတာ ..."

"မင်းပြောနေတဲ့ စွမ်းအားအကြောင်းက ဘီဖန်ကလန်လား ..."

ဂျီရှုက အက်ကွဲသံနဲ့ အော်လိုက်တယ်။

"ငါတို့က ရွှေကျီးရဲ့ မျိုးဆက်တွေ... မီးကျီးငှက်ကလန်ရဲ့ လူတွေကွ ... ငါတို့နယ်မြေကို စိတ်မချရတဲ့ အပြင်လူတွေကို ပေးပြီး ငါတို့ကံကြမ္မာကို သူတို့ကို ဆုံးဖြတ်ခွင့်ပြုမယ့် ကိစ္စမျိုး ဘာလို့လုပ်ရမှာလဲ. ..."

ဂျီမူက တိတ်ဆိတ်နေပြီး ဂျီရှုစီ တစ်လှမ်းပြီးတစ်လှမ်း ချဉ်းကပ်လာခဲ့တယ်။ သူ့အရေပြားက တဖြည်းဖြည်း ထွင်းဖောက်မြင်လာရပြီး အရေပြားအောက်မှာ ချော်ရည်တွေ စီးဆင်းနေတာ တွေ့ရပါမယ်။ သူဖြတ်ကျော်လာ

တဲ့ မြေပြင်က ချော်ရည်အဖြစ် လျင်မြန်စွာ ပြောင်းလာပြီး ထူထဲတဲ့ မီးခိုးရောင်မြူခိုးတွေကို မိုင်များစွာထိ လွင့်ပျံ့သွားစေခဲ့တယ်။

ဂျီမူက တစ်မိုင်နီးပါး ရှေ့တိုးလာခဲ့ပြီး ဂျီရှုနဲ့နီးလာတဲ့ နီးကပ်လာတော့ အော်ဟစ်လိုက်တယ်။

"တိလျို ... ငါ့မိတ်ဆွေဟောင်းကြီး ... လာစမ်းပါ ... သူ့ကို တူတူ အဆုံးသတ်လိုက်ကြစို့ ... အစ်ကိုဂျီရှုက သူ့ကို လွန်ခဲ့တဲ့လတွေက ဆိုးဆိုးရွားရွား ဒဏ်ရာရအောင် လုပ်ခဲ့တယ် ... သူက အပြည့်အဝ ပြန်မကောင်းသေးဘူး ... အခု သူ့ကို တူတူသတ်ရအောင်. ..."

တစ်စက္ကန့်လောက် ရပ်သွားပြီးတော့ ဂျီမူရဲ့ မျက်နှာက ရှုံ့မဲ့ကာ ရုပ်ဆိုးစွာနဲ့ စပ်ဖြဲဖြဲ ပြောလိုက်တယ်။

"မင်းက ဂျီရှုရဲ့ မိန်းမနဲ့ မတွေ့ရသေးဘူးလို့ ငါယူဆတယ် ... သူ့ကို သတ်လိုက် ... သူ့မိန်းမက မင်းကို စိတ်ပျက်စေမှာ မဟုတ်ဘူး ... သူမက အနာဂတ်တစ်ခု အဖြစ် ထိုက်တန်ပါတယ် ..."

ဂျီရှုက ဒေါသတကြီး မာန်သွင်းလိုက်တယ်။ သူ့ကိုယ်ကနေ ကြီးမားတဲ့ မီးတန်းတွေ ပေါက်ထွက်လာပြီး သူ့ရဲ့ မှော်အမှတ်အသား ဆယ်ချီက မျက်စိကန်းမတတ် အလင်းတွေ ထုတ်လွှတ်လာခဲ့တယ်။

"မူ ... ငါ့မှာ မင်းကို ပြောစရာ ဘာမှ မရှိတော့ဘူး ... ငါမင်းကို သတ်ရလိမ့်မယ်. ... အခုချိန်ပဲ ... ဒီနေရာမှာပဲ ..."

ဂျီရှုက အော်ဟစ်လိုက်တယ်။

ဂျီရှုတစ်ယောက် ဒေါသတကြီး ကြိမ်းဝါးနေတဲ့အချိန်မှာ ဂျီဟိုက သူ့လက်မှာ လုံကိုကိုင်ရင်း ပြေးထွက်သွားတယ်။ အရှေ့တက်သွားတဲ့ ခြေလှမ်းတိုင်းမှာ သူ့ခြေထောက်အောက်က လေထဲမှာ ကြာပန်းပုံစံ မီးတောက်တွေ

ပေါက်ထွက်ဖူးပွင့်လာခဲ့တယ်။ ဂျီဟိုရဲ့ အရှိန်က ပုံမှန်ထက် အဆပေါင်းများစွာ မြန်ဆန်လာပါပြီ။

"သေစမ်း ..."

ဂျီဟိုက အသံကျယ်ကြီး ဟစ်အော်ခဲ့တယ်။ ဂျီဟိုရဲ့ လုံခေါင်းကနေ မီးတောက်အလင်းစက် သေးသေးလေးတွေ ထွက်လာခဲ့တယ်။ လုံက အထွတ်အထိပ်အဆင့် လက်ဦးမှော်ဆရာ ဆယ်ချီရဲ့ လည်ပင်းကို ဖောက်ထွင်းပြီး တစ်ယောက်ပြီး တစ်ယောက် လွင့်ထွက်သွားကြတယ်။ သွေးတွေက နေရာအနှံ့ ပြန့်ကျဲနေလေရဲ့။

"အပါး ... ဒီလိုနှလုံးသားမဲ့တဲ့ မျိုးမစစ်တွေကို ကျွန်တော်တို့ ဘာမှ ပြောစရာမလိုဘူး ... သူတို့ လာခဲ့ပြီဆိုကတည်းက သူတို့အသက်ကို ဒီမှာ ထားခဲ့သင့်ပြီ. ..."

ဂျီဟိုက ရန်သူ ဆယ်ချီကို သတ်ဖြတ်ပြီးနောက် ဂျီရှုကို လှမ်းအော်လိုက်တယ်။

ဂျီဟိုက ဂျီမူရဲ့ကိုယ်အနားကို ရည်ရွယ်ချက်ရှိရှိ ပျံသန်းသွားခဲ့တယ်။

ဂျီမူရဲ့ သူငယ်အိမ်က လျင်မြန်စွာ ကျုံ့သွားတယ်။ သူက ပုဆိန်ကို မြှောက်ပြီး ဂျီဟိုကို ခုတ်ရင်း အော်လိုက်တယ်။

"ဂျီဟို ... မင်းက တော်တော် သတ်ရခက်တာပဲ ..."

ပုဆိန်ကနေ ထွက်လာတဲ့ မီးတောက်က ဂျီဟိုရဲ့ကိုယ်ကို ဝါးမျိုခဲ့တယ်။ သို့ပေသိ... ခဏအတွင်းမှာပဲ ဂျီဟိုရဲ့ ပခုံးပေါ်ကနေ စူးရှတဲ့ ကျီးအော်သံတစ်ခု ထွက်လာခဲ့တယ်။ ဂျီဟိုရဲ့ ပခုံးပေါ်မှာနားနေတဲ့ မစ္စတာကျီးကန်းက သူ့ကိုယ်ကို ရုတ်တရက် ကြီးလိုက်ပြီး ပေဆယ်ချီရှည်တဲ့ သူ့ခြေသည်းနဲ့ ပုဆိန်ကို ခပ်ပြင်းပြင်းလေး ရိုက်လိုက်တယ်။

ဘန်း ...

ကျယ်လောင်တဲ့ ဘန်းကနဲ့ အသံနောက်မှာ ဂျီမူရဲ့ စူးရှတဲ့ အော်သံ ထွက်လာပြီးနောက်ကို ဒယီးဒယိုင်နဲ့ ဆုတ်သွားခဲ့တယ်။ သူက မစ္စတာကျီးကန်းရဲ့ ကြီးမားတဲ့ စွမ်းအားနဲ့ ရင်ဆိုင်နိုင်စွမ်း မရှိပါဘူး။

တစ်ချိန်တည်းမှာပဲ ဘေးမှာ အခွင့်ရေးကို တိတ်တိတ်လေး စောင့်နေတဲ့ အရိုးစုမွန်းစတားက ပြေးလာခဲ့တယ်။ သူက ကြီးမားတဲ့ အရိုးလက်ဝါးကြီးနဲ့ ဂျီမူရဲ့ကိုယ်ကို ဖိချခဲ့တယ်။ ဂျီမူတစ်ယောက် ချက်ချင်းပဲ ငိုညည်းသံတွေထွက်လာပြီး မကြာခင်မှာပဲ သူ့ပါးစပ်ကနေကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းတွေ ရောနေတဲ့ သွေးတွေ အန်ထွက်လာခဲ့တယ်။ အရိုးစုကြီးက သူ့ကို ညင်သာစွာ တွန်းလိုက်တယ်လို့ မြင်ရပေမဲ့ ဂျီမူတစ်ယောက် တောင်ဆယ်လုံးနဲ့ အဖိခံရသလို ခံစားခဲ့ရတယ်။

"ဂျီ ... ရှ ..."

ဂျီမူက အော်ဟစ်ပြီး အိတ်ထဲကနေ အနီရင့်ကျောက်စမ်းပိုင်းတစ်ခုကို ဆွဲထုတ်ကာ ခါးမှာချည်ပြီး ကျောက်စိမ်းကို ခွဲလိုက်တယ်။

ကျောက်စိမ်းပိုင်းထဲကနေ စူးရှတဲ့ ငှက်အော်သံတစ်ခု ထွက်လာပြီး ဂျီမူရဲ့ကိုယ်က မီးတောက်တစ်ခု အသွင်ပြောင်းကာ လေထဲကို ထိုးတက်သွားတယ်။ ပြီးတော့ မျက်တောင်တစ်ခတ် အတွင်းမှာပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

"ရှက်စရာပဲ ..."

ဂျီဟိုက ကောင်းကင်ကို ကြည့်ပြီး ပြောလိုက်တယ်။

"မီးကျီးငှက်ကလန်ရဲ့ လူတစ်ယောက် အနေနဲ့ သူ့အသက် သူကယ်ဖို့ ဘီဖန်ကလန်ရဲ့ ရတနာကို သုံးသွားတယ် ... ဒီထက်ပိုပြီး ရှက်စရာကောင်းတာ

ဘာရှိဦးမလဲ ..."

မစ္စတာကျီးကန်းက သူ့ငှက်မွေးတွေကို ဖွာပြီး ကောင်းကင်ကနေ ထွက်ပြေးနေတဲ့ မီးတောက်အလင်းကို စိုက်ကြည့်နေတယ်။ ဂျီဟို ပြော သလိုပဲ မီးကျီးငှက် ကလန်သားတစ်ယောက်က ဘီဖန်ကလန် မှော် သူတော်စင် ပြုလုပ်ထားတဲ့ အသက်ကယ် ပစ္စည်းတစ်ခုကို သုံးခဲ့တယ်။ ဒီ ထက် ပိုပြီး ရှက်စရာကောင်းတာ မရှိနိုင်တော့သလို ဒီထက်ပိုပြီး သူ့ကို ဒေါသထွက်အောင် လုပ်နိုင်တာလဲ မရှိတော့ပါဘူး။

ရေနက်ကျောင်းက မြွေခေါင်းပေါ်မှာ ရပ်နေပြီး ဘေးပတ်လည်ကို စိုးရိမ်တကြီး လှည့်ကြည့်လိုက်တယ်။

"အဘိုးက ဘာဖြစ်လို့ မရောက်လာသေးတာလဲ ... သူ ဘာဖြစ်နေတာလဲ ..."

ရေနက်ကျောင် အနီးမှာ ရပ်နေတဲ့ တိလျိုကလည်း သောကများစွာနဲ့ ဘေး ပတ်လည်ကို ကြည့်နေပါတယ်။

ရုတ်တရက် သူက စူးရှတဲ့ အော်မြည်သံတစ်ခု ထုတ်ပြီး သူ့ရဲ့ ဒေါင်လိုက် မျက်လုံးထဲကနေ ဆိုင်ယန်လေဓား တစ်ချောင်းကို ပစ်လွှတ်ကာ တိုဘနဲ့ တိုအောင်နဲ့အတူ ဂျီရှစီ ပြေးသွားခဲ့တယ်။

"မင်း ... မြွေစီးနေတဲ့ ကောင် ... ဒီလူကို သတ်လိုက်ကြစို့ ..."

ပြေးနေရင်းနဲ့ တိလျိုက မကောင်းဆိုးဝါးဆန်ဆန် ရယ်မောပြီး အော် လိုက်တယ်။

"သူ့မိန်းမက ဘယ်လိုပုံစံ ရှိမလဲဆိုတာ ငါမြင်ချင်နေပြီ ..."

ဂျီဟိုက လှံကို မြှောက်ပြီးနောက်ထပ် ရေနက်မြွေကလန် စစ်သည်တော် ဆယ်ချီကို သတ်ခဲ့တယ်။ ပြီးတော့ လက်ကို အနောက်လွှဲကာ ဒီလောင်ရဲ့

နှလုံးသားရှိရာကို လှံနဲ့ ထိုးစိုက်လိုက်ပါတယ်။

***